# LESSON 5

# DEVADATTA

## The Buddha's greatest personal enemy

**Devadatta** was the son of King Suppabuddha and Pamita, an aunt of the Buddha. His sister was Yasodhara. He was thus a cousin and brother-in-law of the Buddha. Together with Ananda and other Sakyan princes, he entered the Order of monks in the early part of the Buddha's ministry. Unable to attain any stage of Sainthood, he worked hard for worldly psychic powers which he got.

In his early days, he was a good monk known for his grace and psychic powers. Later he became conceited with worldly gain and fame. As his ill-will and jealousy towards the Buddha increased, he became the greatest personal enemy of the Buddha.

One day in a large assembly which included kings and princes, Devadatta approached the Buddha and requested Him to make him the leader of the Sangha. Since he was not capable and worthy enough, the Buddha turned down his request. He became very angry as a result and vowed to take revenge on the Buddha.

Although Devadatta was an evil monk, he had many admirers and followers. One of his chief supporters was King Ajatasattu with whom he planned to kill King Bimbisara and the Buddha. Ajatasattu succeeded in killing his father, but Devadatta failed to kill the Buddha.

His first attempt to kill the Buddha was to hire a man to kill the Blessed One. That man would be killed by two other men who would in turn be killed by four other men. Finally, the four men would be killed by eight other men. But when the first man came close to the Buddha, he became frightened. He put aside his weapons and took refuge in the Buddha. Eventually, all the men who were hired to kill one another became the disciples of the Buddha. As a result, the first plot to kill the Buddha failed.

## သင်ခန်းစာ (၅)

## ဒေဝဒတ်

# မြတ်စွာဘုရား၏ ကြီးမားသော ရန်သူကြီး

ဒေဝဒတ်သည် သုပ္ပဗုဒ္ဓမင်းကြီးနှင့်မြတ်စွာဘုရား၏အဒေါ်ပါမိတတို့ရဲ့သားတော်ဖြစ်လေသည်။ သူညီမသည် ယသော်ဓရာဖြစ်လေသည်။ ထို့ကြောင့်ဒေဝဒတ်သည် မြတ်စွာဘုရားရဲ့ညီအစ်ကိုဝမ်းကွဲ ဖြစ်သလို ယောက်ဖလဲ ဖြစ်လေသည်။ ညီတော်အာနန္ဒာနှင့်တကွ စကြာမင်းသားများသည် မြတ်စွာဘုရားရဲ့ သာသနာ့ဘောင်အတွင်းသို့ ရဟန်းအဖြစ်ဝင်ရောက်ကြကုန်၏။ ဒေဝဒတ်သည် လွန်စွာ ကြိုးစားပါသော်လည်း နိဗ္ဗာန်၌ မျက်မှောက်မပြုနိုင်ဘဲ ရှိနေရာ စျာန်တရားများကို ထူးချွန်အောင်မြင်စွာ ရနိုင်ခဲ့လေသည်။

အစောပိုင်းတွင် ဒေဝဒတ်သည် ယဉ်းကျေးသိမ့်မွေ့ပြီး စျာန်ပညာထူးချွန်သော ရဟန်းဟု ကျော်ကြား လူသိများခဲ့သော်လည်း နောက်ပိုင်းတွင် ထိုနာမည်ကြီးမှုနှင့်လာဘ်လာဘများအပေါ် လိုချင်တပ်မက်မှု များလာခဲ့လေသည်။ မြတ်စွာဘုရား အပေါ်၌လည်း မနာလိုမှုနှင့်ပျက်စီးစေလိုမှု စိတ်များ ပိုမိုတိုးပွားလာခဲ့လေသည်။ နောက်ဆုံးတွင် ဒေဝဒတ်သည် မြတ်စွာဘုရားရဲ့ကြီးမားသော အနီး ကပ်ဆုံး ရန်သူဖြစ်လာလေသည်။

တစ်နေ့တွင် ဘုရင်မင်းများနှင့်အိမ်ရှေ့မင်းသားများ များစွာစုဝေးလာကြသော အခန်းကဏ္ဍတစ်ခုတွင် ဒေဝဒတ်က မြတ်စွာဘုရားအား သူ့အားသံဃာများရဲ့ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုပေးရန် တောင်းဆိုလာလေသည်။ သို့သော် ဒေဝဒတ်ရဲ့စိတ်ရင်း မဖြူစင်ခြင်း၊ ခေါင်းဆောင်တစ်ပါးရဲ့ အရည်အချင်းများနှင့် မပြည့်စုံခြင်းများကြောင့် တောင်းဆိုမှုကို မြတ်စွာဘုရားက ငြင်းပယ်ခဲ့လေသည်။ ဒေဝဒတ်အလွန်ပင် စိတ်ဆိုးကာ ထိုအရာကို အကြောင်းပြု၍ မြတ်စွာဘုရားအပေါ် ကလဲ့စားချေရန် အညှိုးအတေးထားခဲ့လေတော့သည်။

ဒေဝဒတ်သည် ဆိုးရွားသော ရဟန်းတစ်ပါးဖြစ်ပါသော်လည်း သူ့ကို ယုံကြည်လေးစားသော နောက်လိုက် ရဟန်းနှင့်ပရိသတ်များစွာရှိခဲ့လေသည်။ ထိုသူများတွင် အဇာတသတ်သည် ဗိမ္ဗိသာရ မင်းကြီးနှင့်မြတ်စွာဘုရားကို လုပ်ကြံရန် ပူးပေါင်းခဲ့သော တပည့်တစ်ဦးဖြစ်လေသည်။ ဒါပေမယ့် မြတ်စွာဘုရားကို သတ်ရန် ကြံစည်ရာတွင် မစွမ်းဆောင်နိုင်ခဲ့ပေ။

ပထမဦးစွာ ကြိုးစားရာတွင် ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်ရန် လူသတ်သမား လူဆိုး တစ်ဦးအား တာဝန်ပေးခဲ့သည်။ ထိုပထမလူသတ်သမားအား သတ်ရန် နောက်ထပ် လူဆိုးနှစ်ဦးအား လုပ်ကြံစေခဲ့သည်။ ထိုနှစ်ဦးအား သတ်ရန် နောက်ထပ် လူသတ်သမားလေးဦးအား စေလွှတ်ခဲ့လေသည်။ ထိုလေးဦးအားသတ်ရန် နောက်ထပ်ရှစ်ယောက်ဖြင့် လုပ်ကြံစေခဲ့သည်။ သို့သော်လည်း ပထမဦး ဆုံးစေလွှတ်ခဲ့သော လူသတ်သမားသည် မြတ်စွာဘုရားရှေ့မှောက်ရောက်သော် လွန်စွာကြောက်ရွံ့ တုန်လှုပ်မှုဖြစ်ပြီး ဓားလှံများချကာ သရဏဂုံဆောက်တည် ရဟန်းပြုလေတော့သည်။ နောက်ရောက်ရောက်လာသော လူသတ်သမားများသည်လည်း ထိုနည်းတူစွာ လုပ်ကြံမှု မအောင်မြင်ဘဲ အားလုံး ဗုဒ္ဓ၏သားတော် ရဟန်းများဖြစ်ကြလေကုန်သည်။ ဤသို့ဖြင့် ဒေဝဒတ်ရဲ့ အကြံအစည် မအောင်မြင်ခဲ့ပေ။

Then Devadatta himself tried to kill the Buddha. When the Buddha was walking on the Vultures' Rock, Devadatta climbed to the peak and hurled a huge rock at the Buddha. On its way down, the rock struck another rock and a splinter flew and wounded the Buddha's foot, causing blood to flow. The Buddha looked up and seeing Devadatta, he remarked with pity, 'Foolish man, you have done many unwholesome deeds for harming the Buddha."'

Devadatta's third attempt to kill the Blessed One was to make the fierce man-killer elephant, Nalagiri, drunk with liquor. When Nalagiri saw the Buddha coming at a distance, it raised its ears, tail and trunk and charged at the Buddha. As the elephant came close, the Buddha radiated His loving-kindness (Metta) towards the elephant. So vast and deep was the Buddha's love that as Nalagiri reached the Buddha, it stopped, became quiet and stood before the Master. The Buddha then stroked Nalagiri on its trunk and spoke softly to it. Respectfully, the elephant removed the dust at the Master's feet with its trunk, and scattered the dust over its head. Then it retreated, with its head facing the Buddha, as far as the stable, and remained fully tamed. Usually, others tame elephants with whips and weapons, but the Blessed One tamed the elephant with the power of Metta.

Still trying to be the leader of the Sangha, Devadatta tried yet another plan – a deceitful one. With the help of five hundred misled monks, he planned to split the Sangha

community.

He requested the Buddha to make it compulsory for monks to follow extra five rules:

(i) dwell all their lives in the forest

(ii) live only on alms obtained by begging

(iii) wear robes made from rags collected from the dust heaps and cemeteries

(Iv) live at the foot of trees

(v) refrain from eating fish or meat throughout their lives.

နောက်တွင် ဒေဝဒတ်ကိုယ်တိုင် မြတ်စွာဘုရားကို သတ်ရန်ကြိုးစားလေသည်။ လင်းတတောင်တွင် မြတ်စွာဘုရား စင်္ကြံလျှောက်နေစဉ် တောင်ထိပ်ပေါ်က ကျောက်တုံးကြီးတစ်တုံးကို မြတ်စွာဘုရားထံသို့ တွန်းချခဲ့လေသည်။ လမ်းတွင် ထိုကျောက်တုံးကြီးက တခြားကျောက်တုံးနှင့်တိုက်မိပြီး ကျောက်ခဲ့အစအနတစ်ခုလေးဖြစ်ကာ မြတ်စွာဘုရားရဲ့ခြေထောက်ကို ထိခိုက်မိပြီး ခြေထောက်သွေးခြေဉခြင်းဖြစ်လေသည်။ မြတ်စွာဘုရားသည် ဒေဝဒတ်ကို တောင်ထိပ်၌တွေ့သော် ကရုဏာဖြင့် “မိုက်မဲ သော ဒေဝဒတ် - ငါဘုရားကို အန္တရာယ်ပြုဖို့ များစွာသော မကောင်းမှု အကုသိုလ်များကို သူပြုလေတော့သည်”ဟု မိန့်တော်မူလေသည်။

ဒေဝဒတ်သည် တတိယအကြိမ် မြတ်စွာဘုရားကို သတ်ရန် အရက်မူးနေသော လူသတ်ဆင်ကြီး နာဠာဂီရိနှင့်ကြိုးစားခဲ့ပြန်လေသည်။ နာဠာဂီရိဆင်ကြီးသည် မြတ်စွာဘုရား အဝေးမှကြွလာသည်ကို မြင်လျှင် နားရွက်များဖြန့်ကားလျက် အမြီးနှင့်နှာမောင်းများမြှောက်ခါ သတ်ရန် အမြန်မောင်းနှင်လာလေတော့သည်။ ဆင်ကြီးသည် မြတ်စွာဘုရား အနားနီးလာသောအခါ မြတ်စွာဘုရားသည် မေတ္တာတော် ဓာတ်အပြည့် ဆင်ကြီးဆီသို့ စေလွှတ်လိုက်လေသည်။ မြတ်စွာဘုရား၏ ကြီးမားလှစွာသော မေတ္တာတော်တို့ရဲ့ တန်ခိုးတော်တို့သည် ဆင်ကြီးသည် မြတ်စွာဘုရားရှေ့မှောက်ရောက်သော် အလိုလိုရပ်တန့် ငြိမ်သက်စွာဖြင့် ဆရာ့ရှေ့မှောက် တပည့်ရောက်သဖွယ်ရှိနေလေတော့သည်။ မြတ်စွာဘုရားသည် နာဠာဂီရိဆင်းကြီး၏ နှာမောင်းကို ညှင်သာစွာ ပွတ်သပ်၍ ကြင်နာစကား မိန့်ကြားတော်မူလေသည်။ နာဠာဂီရိ ဆင်ကြီးသည် မြတ်စွာဘုရားရဲ့ ခြေတော်အစုံမှ ဖုံများကို နှာမောင်းဖြင့် ရိုသေစွာ သုပ်ပေးပြီး သူ့ရဲ့ ဦးခေါင်းပေါ်တွင် ဖြန့်ကြဲကာ ဦးချကန်တော့လေတော့သည်။ ထို့နောက် မြတ်စွာဘုရားအား

မျက်နှာမူလျက် တဖြေးဖြေး ညင်သာစွာ နောက်ဆုတ်၍ ယဉ်ယဉ်ကျေးကျေး တင်းကုတ်သို့ ဆုတ်ခွါသွားလေသည်။ တခြားသော ဆင်ထိန်းများ ချွန်း ဒုတ်များဖြင့် ဆင်များကို ထိန်းကျောင်းရသော်လည်း မြတ်စွာဘုရားသည် သူ၏မေတ္တာအစွမ်းဖြင့် ထိုဆင်ရိုင်းကြီးကို ယဉ်ကျေး လိမ္မာအောင် ပြုပြင်နိုင်ခဲ့လေသည်။

သံဃာအခေါင်းဆောင်ဖြစ်ချင်လိုသော ဒေဝဒတ်သည် နောက်ထပ်တဖန် ကောက်ကျစ်သော အကြံအစီအစဉ်ကို စီမံလေတော့သည်။ သူ့ရဲ့စကားကို နားယောင်မိသော ရဟန်းငါးရာတို့ရဲ့ အကူအညီဖြင့် သံဃာတော်များ အသင်းကွဲအောင် ကြိုးစားလေတော့သည်။

ဒေဝဒတ်သည် မြတ်စွာဘုရားအား အောက်ပါအချက် ဝိနည်းငါးရပ်အား လိုက်နာစေရန် တောင်းဆိုလေသည်။

ရဟန်းများသည်
၁။ တောထဲတွင်သာ သီတင်းသုံးနေထိုင်ရမည်။
၂။ ဆွမ်းခံသဖြင့်ရသော တစ်ခုတည်းသောဆွမ်းကိုသာ ဘုဉ်းပေးရမည်။
၃။ အမှိုက်ပုံနှင့်သုသာန်များမှရသော အဝတ်အပိုင်းအစများနှင့်ချုပ်စပ်ထားသော သင်္ကန်းများကိုသာ ဝတ်ရုံရမည်။
၄။ သစ်ပင်ရင်း၌သာ သီတင်းသုံးနေထိုင်ရမည်။
၅။ အသား ငါး ဘုဉ်းပေးသုံးဆောင်ခြင်းမှ ရှောင်ကြဉ်ရမည်။

Devadatta made this request knowing fully well that the Buddha would refuse them. Devadatta was happy that the Buddha did not approve of the five rules, and he used these issues to gain supporters and followers. Newly ordained monks who did not know the Dhamma well left the Buddha and accepted Devadatta as their leader. Eventually after Venerable Sariputta and Venerable Moggallana had explained the Dhamma to them, they went back to the Buddha.

After this, evil days fell on Devadatta. He fell very ill at the failure of his plans, and

before his death he sincerely regretted his actions and wanted to see the Buddha before he died. But the fruits of his evil Kamma had begun to ripen and prevented him from doing so. He died on the way to see the Buddha, near the gate of Jetavana monastery. But before he died, he took refuge in the Buddha.

Although he has to suffer in a woeful state because of his terrible crimes, yet as a result of the Holy Life he led at the early part of his career, it is stated that he would become a **Pacceka** Buddha named **Atthissara** in the distant future. As a Pacceka Buddha he would be able to achieve Enlightenment by his own efforts.

ဒေဝဒတ်သည် ဤအချက်အလက်များကို မြတ်စွာဘုရား လက်မခံမည်ကို သိလျက် တောင်းဆို ခဲ့လေသည်။ ထိုတောင်းဆိုသော ဝိနည်းများကို မြတ်စွာဘုရားက ပယ်သည်ကို အကြောင်းပြုပြီး ဝမ်းသာစွာဖြင့် သံဃာများ သွေးကွဲအောင် အမြင်မတူအောင် ပြောဆိုသွေးထိုးလေတော့သည်။ နောက်ပိုင်းမှ သာသနာ့ဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော ရဟန်းအသစ်များသည် အလုံးစုံကို နားမလည် မသိကြသဖြင့် ဒေဝဒတ်ရဲ့ လုပ်ကြံပြောဆိုမှု များအပေါ် နားယောင်ကာ ဒေဝဒတ်ကို ဆရာတင်လေတော့သည်။ ထိုရဟန်းအသစ်များကို အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့က ပြန်လည်တရားဟောပြတော်မူပြီးနောက် သံဃာများအားလုံး မြတ်စွာဘုရားထံ ပြန်ရောက် ကုန်ကြလေသည်။

နောက်ဆုံးတွင် သူပြုခဲ့မိသော မကောင်းမှု အကုသိုလ်များ အရှိန်ကျလာ၍ သူ့ရဲ့ မအောင်မြင်သော အကြံ အစည်များက သူ့အား စိတ်ဖိစီးရာ ဒေဝဒတ်သည် နာမကျန်းဖြစ်တော့သည်။ ထိုတွင် သံဝေဂ နောင်တများ အကြီး အကျယ်ဖြစ်ကာ သူ့အပြစ်များကို ဝန်ချတောင်းပန်ရန် မြတ်စွာဘုရားကို နောက်ဆုံး ဖူးတွေ့ရန် ကြိုးစားသော်လည်း ကြီးမားသော အကုသိုလ်ကံများက တွေ့ခွင့်မပေးတော့ပေ။ မြတ်စွာဘုရားဆီ ဖူးမြော်ရန်သွားရာလမ်းတွင်ပင် ဇေတဝန်ကျောင်းအဝအနီးမှာပင် ဒေဝဒတ် အသက်ဆုံးခဲ့ရလေသည်။ မသေခင် မြတ်စွာဘုရားရဲ့ သရဏဂုံကို ဆောက်တည်ခဲ့လေသည်။

ဒေဝဒတ်၏ ဆိုးရွားစွာပြုခဲ့မိသော အကုသိုလ်ကံများကြောင့် ငရဲ၌ ဆင်းရဲခံနေရသော်လည်း ရဟန်းပြုပြီး အစပိုင်းက ကောင်းစွာကျင့်ကြံခဲ့သော ကုသိုလ်ကံများသည် တစ်ချိန်တွင် သူ့အား ပစ္စေက အဋ္ဌိစာရဗုဒ္ဓအဖြစ်ဖြင့်

ပရိနိဗ္ဗာန်စံဝင်ရလိမ့်မည်ဟု ကျမ်းစာများကဆိုလေသည်။ သူ့ရဲ့ကိုယ်ပိုင် ကြိုးစား အားထုတ်မှုဖြင့် တရားတော်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်တော်မူပြီး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု နိုင်သော ပစ္စေကဗုဒ္ဓဖြစ်လေလိမ့်မည်။